## မြန်မာစစ်အာဏာသိမ်းမှုနှင့် လူထုအုံကြွလှုပ်ရှားမှုဖြင့်ဆန္ဒပြခြင်းများကို ရိုက်ကူးထုတ်လွှင့်ခြင်း

လူအခွင့်အရေးဆိုင်ရာမှတ်တမ်း ရိုက်ကူးတင်ဆက်ရာတွင်အန္တရယ်များကြုံတွေ့နိုင်သည် -
ဘေးကင်းလုံခြုံပါစေ။ကျင့်ဝတ်များနှင့်ကိုက်ညီပါစေ။ ထိရောက်မှုရှိပါစေ။

### ၁။ ကြိုတင်ပြင်ဆင်ပါ

- သင်ကိုယ်တိုင်၌ဒင်း၊ သင်ရိုက်ကူးထားသည့်ဗီဒီယိုတွင်ပါဝင်သောသူများ၌ဒင်း၊ လူမှုအဖွဲ့အစည်းများ ၌ဒင်း ကျရောက်လာနိုင်မည့် အန္တရယ်များကိုကြိုတင်တွက်ဆထားပါ။ စစ်တပ်/ရဲ/ရန်စပေးသူ (ဒလံ)များ ၏ နေ့စဉ်အမူအကျင့်အပြောင်းအလဲများကို သတိပြုပါ။
- သင်၏ဘေးကင်းလုံခြုံမှုအတွက် လုံခြုံရေးအစီအစဉ်များရေးဆွဲထားပါ။
- အရေးပေါ်ဆက်သွယ်ရမည့်အချက်အလက်များကို အလွတ်ကျက်မှတ်ထားပါ၊ သို့မဟုတ် လုံခြုံသော နေရာတစ်နေရာတွင်ရေးမှတ်ထားပါ။
- သင့်၏စမတ်ဖုန်းကို လက်ဗွေ သို့မဟုတ်မျက်နှာဖြင်လော့ခ်ချခြင်းမဟုတ်ဘဲ စကားဝှက်များဖြင့် လော့ခ်ချထားပါ။
- သိမ်းဆည်းခံရနိုင်ခြေရှိလျှင် သင့်စမတ်ဖုန်းကိုစာဝှက်ဖြင့် (encrypted)လုပ်၍ရေးသားထားပါသို့မဟုတ် အရေးကြီးအချက်အလက်များကို ဖျက်ပစ်ပါ။
- ဘက်ထရီအားသွင်းထားပါ၊ အချက်အလက်သိမ်းဆည်းရန် ဖုန်းသိုလှောင်ခန်းကိုရှင်းထားပါ။ဖုန်းပျောက် ခြင်း/ ဖုန်းပျက်ခြင်း/သိမ်းခံရခြင်းများရှိနိုင်သည့်အတွက် ဥပမာ၊ Dropbox လိုမျိုးတွင်အရန်သိမ်းဆည်း (backup)ထားပါ။
- ရက်စွဲ နှင့်အချိန်ကို မှန်ကန်စွာချိန်ထားပါ။
- (တိကျမှန်ကန်မှုအရှိဆုံး) ဂျီပီအက်စ် (GPS) ကိုစမတ်ဖုန်းတွင်ဖွင့်ထားပါ။
- သင့်ပစ္စည်းကိရိယာများ (အကြောင်း) ကိုသိပါ။ သယ်၍ မပြေးနိုင်ဟုထင်လျှင် မယူသွားပါနှင့်။ ပိုမိုသိရှိလိုပါကမြန်မာ့ဆန္ဒထုတ်ဖော်သူများလက်စွဲ - **လင့်** တွင်ကြည့်ပါ နိုင်ပါသည် ။

### ၂။ ပါဝါမြှင့်တင်ခြင်း

အားအပြည့်သွင်းထားသော ဘက်ထရီအပို၊ ပါဝါဘဏ်၊ ဒေတာသိုလှောင် ကဒ်(memory cards)အပိုများ ယူဆောင်သွားပါ။ အကယ်၍ စမတ်ဖုန်းနှင့် ရိုက်ကူးလျှင်၊ အက်ပလီကေးရှင်း များ၊ wifi ရှာဖွေ စနစ်များ ကိုပိတ်ထားခြင်း၊ သင့်ဖုန်းမျက်နှာပြင် အလင်းလျှော့ထားခြင်းများဖြင့်ဘက်ထရီတာရှည်ခံအောင်ပြုလုပ်ပါ။

## ၃။ မှန်ကန်ကြောင်း အလွယ်တကူ အတည်ပြုနိုင်ရန်နှင့် မှန်ကန်ကြောင်းသက်သေပြနိုင်ရန်

သတိပေးချက် - လုံခြုံမှုအတွက် အမည်မဖော်လိုပါကရိုက်ကူးနေစဉ် သင့်မျက်နှာ/သင်မည်သူမည်ဝါဖြစ်

ကြောင်းကို ထည့်သွင်းရိုက်ကူးခြင်းမပြုဘဲအမည်ဝှက်ကိုအသုံးပြုပါ။

သတင်းမီဒီယာများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် တရားရုံးများမှ သင့် ၏ ဗီဒီယိုကိုအတည်ပြုစစ်ဆေးရာ

တွင် အကူအညီဖြစ်ရန်အတွက်ရက်စွဲ၊ အချိန်နှင့် GPS တည်နေရာများကို မှန်ကန်စွာချိန်ထားပါ။

အကယ်၍လုံခြုံမှုရှိလျှင် သင်ရိုက်ကူးထားခြင်းဟုတ်မဟုတ်အတည်ပြုစစ်ဆေးရန်သင့်ကင်မရာ/ မိုဘိုင်းဖုန်းထဲ သို့ စကားပြောထည့်ပါ။

ကင်မရာဖြင့်ရိုက်ကူးနေချိန်တွင် ရက်စွဲ၊ အချိန်၊ တည်နေရာများကို ပြောပြပါ။ နောက်တစ်နည်းအားဖြင့် ၊ ရေးသားထားသော မှတ်တမ်းကို မူရင်းဗီဒီယိုဖိုင်နှင့် အတူသိမ်းဆည်းထားပါ။

လမ်းအမှတ်အသားများ၊ လမ်းဆုံများနှင့်မှတ်တိုင်များကို ရိုက်ကူးခြင်းဖြင့် တည်နေရာများကိုအတည်ပြုပါ။

အတည်ပြုစစ်ဆေးလို့ရသော မီဒီယာများဖြစ်သည့် Tella သို့မဟုတ် Proof Mode အက်ပလီကေးရှင်း (Apps) များကိုအသုံးပြု၍ ရိုက်ကူးနိုင်သည်။

ဤကိရိယာများက သင့်ဗီဒီယို နှင့် ပုံများကို အချက်အလက်ပိုများပံ့ပိုးပေးသည်သာမက မည်သည့်အချိန်၊ မည်သည့်နေရာက သင်ပြောဆိုခဲ့သည်ကို လွယ်ကူစွာ စစ်ဆေးအတည်ပြုနိုင်ပါသည်။

Tella အခြေခံလမ်းညွှန် -

https://bubbles.sevensnails.com/Guides_Tips_Readings/Tella.pdf

Tellaကို ဤလင့်မှ ဒေါင်းလုဒ်ပါ

https://play.google.com/store/apps/details?id=org.hzontal.tella&hl=en&gl=US

အခြား ဒေါင်းလုဒ် - လင့်

ဤလင့်မှ ProofMode ကို ဒေါင်းလုဒ်ပါ

https://play.google.com/store/apps/details?id=org.hzontal.tella&hl=en&gl=US

အခြား ဒေါင်းလုဒ် < >

### ၄။ ရိုက်ကူးနည်း

ဖြစ်ရပ်များ/အဖြစ်အပျက်များ ဖြစ်သည့်အတိုင်း အစကနေအဆုံးထိ မှတ်တမ်းတင်ပါ။

အနည်းဆုံး၁၀စက္ကန့်ကြာ ရိုက်ကူးပါ။

- အခင်းဖြစ်ရာနေရာ၌ ရှိမနေသောသူသည် သင့်ဗီဒီယိုကြည့်ခြင်းအားဖြင့် ဖြစ်ပျက်နေသည့်အခြေအနေ ကို သိနားလည်လိမ့်မည်။
- (အဝေးမှသော်၎င်း၊ သင့်ကင်မရာကို ဘယ်ဘက်မှညာဘက်သို့ဖြည်းဖြည်းခြင်းလှည့်၍သော်၎င်း၊ အနီးကပ်၍သော်၎င်း၊ မြင်းကွင်းကောင်းရရန်အပေါ်မှနေ၍သော်၎င်း)ဖြစ်ပျက်နေသည့်အခြေအနေကို ပြသရန် မတူညီသောရိုက်ချက်များစွာ ကိုရယူပါ။
- နေရာပြောင်းချိန်တွင် ဖုန်းကိုတည်ငြိမ်စွာထား၍ဖြေးဖြေးချင်း ပြောင်းပါ။
- ဖြစ်နိုင်ရင် မှန်ဘီလူး (zoom)ဆွဲ၍ ရိုက်ခြင်းကိုရှောင်ကျဉ်ပါ။ ထိုသို့ မှန်ဘီလူးဆွဲခြင်းသည်ကြည်လင် ပြတ်သားမှုကို မှုန်ဝါးသွားစေနိုင်သည်။ အန္တရာယ်မရှိလျှင် အနီးသွား၍ ရိုက်ကူးပါ။
- ပြည်သူများကိုကာကွယ်ရန်၊ လူစုကိုအနောက်မှနေ၍ရိုက်ကူးပါ၊ ထို့အပြင် လူများ၏ဦးခေါင်း သို့မဟုတ် သူတို့၏ခြေထောက်များကိုသာမှတ်တမ်းတင်ပါ။
- သင်တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်နေချိန်မဟုတ်လျှင်သူ အခြားသူ များကို ကာကွယ်ရန် မှုန်ဝါးကိရိယာ ကို အသုံးပြု၍မျက်နှာကို မှုန်ဝါး (blur) စေပါ။ YouTube တွင် မှုန်ဝါးကိရိယာ ရှိ ပါသည်။

### ၅။ အသေးစိတ် အချက်အလက်များ ပါဝင်အောင် ရိုက်ကူးပါ

သတိပေးချက်! ဖုန်း သို့မဟုတ် ကင်မရာသုံးခြင်း သည် သင့်ကိုပစ်မှတ်ဖြစ်စေနိုင်သည်။ အာဏာပိုင်များက သူတို့ လက်နက်များဖြင့် ချိန်းခြောက်ခြင်း သို့မဟုတ် တိုက်ခိုက် ခြင်းများပြုလုပ်နိုင်သဖြင့် လုံခြုံသည့် အကွာအဝေး တွင်နေပါ။

- ရဲ/စစ်ကားများ၊ ဝတ်စုံများ၊ အမှတ်တံဆိပ်များ၊ ရဲ/စစ်သားများ၏ ရာထူးများနှင့် သူတို့ဆက်သွယ် ပြောဆိုပုံများကို အသေးစိတ် ရိုက်ကူးပါ။
- ကျည်ဆံပေါက်များ၊ လက်နက်များ၊ လက်နက်ခဲ ယမ်းများနှင့် ဤဖြစ်စဉ်တွင် မည်သူမည်ဝါပါဝင် ကြောင်းကိုအသေးစိတ်ရိုက်ကူးပါ။
- ရဲတပ်ဖွဲ့/စစ်တပ်၏ စစ်ရေးအပြုအမူများဖြစ်သော ရဲအရာရှိများအားအမိန့်ပေးမှု သို့မဟုတ်အတားအဆီး များကို ဖန်တီးသည့်အချိန် သို့မဟုတ်ပြောင်းရွှေ့ချိန်များကို သေချာစွာ မှတ်တမ်းတင်ထားပါ။
- ကန့်ကွက်ဆန္ဒပြမှုများကိုရိုက်ကူးလျှင်၊ လူအုပ်အရွယ်အစားနှင့် ရဲ သို့မဟုတ် စစ်တပ်ဖွဲ့စည်းပုံနှင့် လုပ်ရှားမှုများကို ပြသပါ။

- ကန့်ကွက်ဆန္ဒပြမှုများကို ရိုက်ကူးနေ (ပါက) ရဲ/စစ်သားများနှင့် အာဏာပိုင်းများကိုင်ဆောင်ထားသော သို့မဟုတ် အသုံးပြုနေသော လက်နက်များကို မှတ်တမ်းတင်ပါ။
- ဆိုင်းဘုတ်များ၊ ကြွေးကြော် သံများ စသည်များကိုရိုက်ကူးပါ။
- လုံခြုံမှုရှိလျှင် အကြမ်းဖက်မှု၊ ပစ်ခတ်မှု သို့မဟုတ် တိုက်ခိုက်စီးနင်းခြင်း မှုများကိုပြုလုပ်သောရဲ/စစ်/ ရန်ဆွပေးသူ (ဒလံ)များမှာ မည်သူမည်ဝါဖြစ်ကြောင်းနှင့် သူတို့၏ပါဝင်မှုပတ်သက်ပုံများ၊ ပတ်ဝန်းကျင် ၌ရှိသောလူများ/အခြေအနေများ၊ အနာတရဖြစ်မှုများ၊ ကျဉ်ဆံပေါက်များ သို့မဟုတ် အနီးအနားရှိယာဉ် များကိုမှတ်တမ်းတင်ရိုက်ကူးပါ။
- သင်ရိုက်ကူးနေစဉ် ဖြစ်စဉ်ဇာတ်ကြောင်းကို အသေးစိတ်ဆက်စပ်၍ ရိုက်ကူးပါ။

## ၆။ ထိခိုက်ခံရသူများအား မှတ်တမ်းမှတ်ရာ

- ငြိမ်းချမ်းစွာဆန္ဒပြနေသူများသည် ပြည်သူ လူထုများဖြစ်ကြပြီး တိုက်ခိုက်စီးနင်းခံရခြင်းများမခံရ သင့်ပါ။
- ထိခိုက်နစ်နာသူများသည် ငြိမ်းချမ်းစွာလှုပ်ရှားနေကြောင်းပြသပါ။ ထိခိုက်ခံရသူများကိုမှတ်တမ်းရ ယူပါ၊ အကယ်၍ သူတို့အား အထူးသဖြင့်ပစ်မှတ်ထားခဲ့လျှင်မှတ်တမ်းယူထားပါ။ထိခိုက်နစ်နာသူများ ကိုရှာဖွေပါ သို့သော် မလိုအပ်ပဲသူတို့မျက်နှာများကို ရိုက်ကူးခြင်း မပြုပါနှင့်။

## ၇။ မည်သူမည်ဝါဖြစ်ကြောင်း ကာကွယ်ထိန်းသိမ်းထားပါ

- အင်တာဗျူးမေးမြန်းခြင်းအားရိုက်ကူးလျှင် ထိုရိုက်ကူးမှုတွင်ပါဝင်သူများသည်ထိုဗီ ဒီယိုအားမည်သို့နှင့် မည်သည့်နေရာတွင်အသုံး ပြုမည်ကို အပြည့်အဝနားလည်သဘောပေါက် စေပါ။အကယ်၍ထိုဗီဒီယို အားအများနှင့် ဝေမျှခြင်း၊ အွန်လိုင်း သို့မဟုတ် အာဏာပိုင်များနှင့် ဝေမျှမည်ဆိုလျှင် ဖြစ်လာနိုင်မည့် လုံခြုံရေးအန္တရာယ်များအား ဆွေးနွေးတင်ပြပါ။
- အမည်လျှို့ဝှက်ထားရန်လိုအပ်လျှင် -အင်တာဗျူးဖြေဆိုသူများ ဖြေဆိုနေချိန်သူတို့၏လက်များကို ရိုက်ကူးယူပါ၊အင်တာဗျူးဖြေဆိုသူများ၏မျက်နှာများကိုဖုံးအုပ်ထားပါ သို့မဟုတ်မှုန်ဝါးစေသည့်ကိ ရိယာများအသုံးပြုပါ။ အခြားနည်းမှာ အင်တာဗျူးဖြေဆိုသူများဖြေ ဆိုနေချိန်သူတို့လက်များကို ရိုက်ကူးယူနိုင်သည်သို့မဟုတ် သူတို့နှာခေါင်းစည်း (mask) တပ်ထားသည့်အချိန်ရိုက်ကူးနိုင်သည်။

## ၈။ အဖွဲ့အသင်းဖြင့် လုပ်ဆောင်ပါ

- အကယ်၍ဖြစ်နိုင်လျှင် တူညီသောဖြစ်ရပ်တစ်ခုအားရှုထောင့်ပေါင်းစုံမှဖမ်းယူရိုက်ကူးနိုင်ရန်အတွက် လုပ်ဖော်ကိုင်ဖက်တစ်ဦးဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ဖွဲ့နှင့် တွဲ၍လုပ်ပါ (ဥပမာ ဖြစ်နေသည့် အကြောင်းအရာအားလုံးကိုရိုက်ပြနိုင်ရန် မြင်ကွင်းကျယ်ရိုက်ကူးခြင်းအားအဓိကရိုက်ကူးနေစဉ် အခြားတစ်ယောက်မှအချက်အလက်အသေးစိတ်များကို အဓိကထားရိုက်ကူးနိုင်သည်။)
- အဖော်တစ်ဦးဦးသည် သင်၏လုံခြုံရေးအတွက် ကူညီကြည့်ရှုပေးနိုင်ပြီး ထပ်ဖြစ်လာမည့်အခြေအနေများအားလည်းစောင့်ကြည့်ပေးနိုင်သည်။
- အကယ်၍ သင်အဖမ်းခံရနိုင်သည့်အန္တရာယ် ကြားမှ ဆက်လက်ရိုက်ကူးမည်ဆိုလျှင် သင်အသုံးပြုပြီးသားမီဒီယာကဒ်ကို ထိန်းသိမ်း ကာကွယ်ပေးရန်တစ်စုံတစ်ဦးအားပေး၍ အခြားကဒ်အလွတ် တစ်ခုခုနှင့်အစားထိုးပါ။

## ၉။ သင်ဝေမျှခြင်းမပြုမီ စဉ်းစားပါ

- သင်၏ဗီဒီယိုအားဝေမျှခြင်းမပြုမီ ခေတ္တဆိုင်းငံ့ပါ။
- သင်၏ဗီဒီယိုများ သို့မဟုတ် အချိန်နှင့် တပြေးညီတိုက်ရိုက်ထုတ်လွှင့်မှုများကို လူအများအသုံးပြုသည့်Facebook/Twitter/ Youtube များတွင်တင်လျှင်သင် သို့မဟုတ် နစ်နာခံရသူနှင့်သူတို့၏လူ မှုအသိုင်းအဝိုင်းများ ပစ်မှတ်ထဲသို့ရောက်ရှိသွားနိုင်သည်။
- ယုံကြည်စိတ်ချရသော လူ့အခွင့်အရေးလှုပ်ရှားသူ/မီဒီယာအဖွဲ့အစည်း/ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ/ ကုလသမဂ္ဂ / ရှေ့နေ များအား ရှေးဦးစွာဝေမျှခြင်း သို့မဟုတ် သွားရောက်ခြင်းပြုလုပ်ရန်စဉ်းစားပါ။
- Signal ကဲ့သို့စိတ်ချရသော မက်ဆေ့ချ်ပို့အက်ပလီကေးရှင်းများမှတဆင့် သင့်မီဒီယာကိုမျှဝေနိုင်ပါသည်။
- ဗီဒီယိုကို အများပြည်သူထံမချပြခင် သင့်လုံခြုံရေးနှင့် အခြားသူများ၏ လုံခြုံရေးကိုအမြဲထည့်သွင်းစဉ်းစားပါ။
- တစ်စုံတစ်ဦးအား အန္တရာယ်ပိုမို ကျရောက်စေ မည့် ဗီဒီယိုအစိတ်အပိုင်းတစ်ခုအားတည်းဖြတ်ရန်လိုအပ်သည်မလိုအပ်သည်ကို စဉ်းစားဆုံးဖြတ်ပါ၊ သို့မဟုတ် တစ်စုံတစ်ဦး အားအကာအကွယ်ပေးရန်မျက်နှာကို မှုန်ဝါးစေသည့်ကိရိယာအသုံးပြုပါ။ ဗီဒီယိုပေါ်တွင် မှုန်ဝါးစေသည့် ကိရိယာသည် YouTubeတွင်လည်း ရရှိအသုံးပြုနိုင်သည်။
- တစ်စုံတစ်ယောက်အား သူမည်သူမည်ဝါဖြစ် ကြောင်း သူတို့မျက်နှာတစ်ခုတည်းနှင့်မဟုတ်ပဲ သူတို့ရှိနေသည့်တည်နေရာ၊ အဝတ်အစားများနှင့် သူနှင့်အတူရှိနေသည့်အခြားသူများမှ တဆင့် ခွဲခြားရွေးထုတ်နိုင်သည်။
- ဗီဒီယိုကို လူမှုကွန်ယက်များဖြစ်သော ဥပမာ၊ Facebook/Twitter/YouTube တို့တွင် ဝေမျှ လိုပါက သင်၎င်းအရာကိုဝေမျှပြသခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုကို ပြသနေခြင်းဖြစ်ကြောင်းကိုရှင်းလင်းတိုတောင်းသည့်ခေါင်းစီး ထည့်ရေးပါ။ ဖြစ်နိုင်လျှင် ၎င်းအရာကိုဗီဒီယို၏အစတွင်စာတန်းထိုးပေးပါ။ဗီဒီယိုများတွင် အကြမ်းဖက်မှုများ သို့မဟုတ် သွေးရဲသံရဲ ဂရပ်ဖစ်များပါဝင်သောကြောင့်အွန်လိုင်း ပလက်ဖောင်းပေါ်တွင်ရှိနေနိုင်ရန်နှင့် ဖယ်ရှားမခံရရန်အတွက်၎င်းအချက်များသည် အရေးကြီးသည်။

- အကယ်၍ဖြစ်နိုင်လျှင် ပြည်ပတွင်နေထိုင်နေသူများကို tag လုပ်ပြီး၊ ဗီဒီယိုကိုသိမ်းဆည်းထားပေးရန်မေတ္တာရပ်ခံပါ။
- မရိုက်ကူးမည်၊ ရိုက်ကူးနေစဉ်နှင့် ရိုက်ကူးပြီးနောက် ဖြစ်စဉ်များကို လိုတိုရှင်းရေးပါ။ ရက်စွဲ၊ အချိန်၊ တည်နေရာ နှင့် ဆက်စပ်သောအချက်အလက်အသေးစိတ်ကို ထည့်သွင်းဖော်ပြပါ။ ဆက်စပ်သည့်အကြောင်းအရာများ ပံ့ပိုးပေးပါ။
- မူရင်းမီဒီယာဖိုင်ကို လုံခြုံသောနေရာတွင် အမြဲသိမ်းဆည်းထားပါ။ မူရင်းဖိုင်ကို တည်းဖြတ်ခြင်း မပြု လုပ်ပါနှင့် - ကူးယူထားသည့်ဖိုင်တွင်သာ တည်းဖြတ်ပါ။